MONTHLY
# NEWSLETTER

AYA SOMPO insurance

VOLUME [ 11 ]    1st - 30th NOVEMBER - 2020


## PROPOSAL - အဆိုလွှာ 02

「အာမခံတစ်ခုကို ဝယ်ယူရာတွင် အရေးအ ကြီးဆုံးနှင့် ပထမဦးစွာဆောင်ရွက်ရမည်မှာ အဆိုလွှာ Proposal ဖြင့် အဆိုပြုရမည်ဖြစ်.....」

ဇရာဝတီစင်တာတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်များ၊ သူနာပြုများနှင့် Volunteer များအတွက် AYA SOMPO Insurance နှင့် AIA Myanmar တို့မှ ကျန်းမာရေးအာမခံ ပေးအပ်လှူဒါန်းခြင်း 04

AYA SOMPO Insurance နှင့် Ar Yu - အာယု International Hospital တို့ လက်တွဲ ပူးပေါင်း မိတ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း...... 05

AYA SOMPO Insurance နှင့် Pun Hlaing Hospital တို့ လက်တွဲ ပူးပေါင်း မိတ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း...... 05

AYA SOMPO Insurance x Wall Street English Myanmar 05

AYA SOMPO Insurance x Telenor Myanmar 05

AYA SOMPO Insurance နှင့် MPT တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ဒီဂျစ်တယ်အာမခံဝန်ဆောင်မှု "MPT U-Life Digital Insurance" ကို မိတ်ဆက်ခြင်း 06

## Q&A
## HEALTH INSURANCE 07




No.245,
Corner of Maha Bandula Road and 46th Street,
Botahtaung Township,
Yangon, Myanmar.

info@ayasompo.com
**Customer Service:**
csinfo@ayasompo.com
**Website Link:**
www.ayasompo.com

+95-9-777100555




# PROPOSAL
# အဆိုလွှာ

အာမခံတစ်ခုကိုဝယ်ယူရာတွင် အရေးကြီးဆုံးနှင့် ပထမဦးစွာ ဆောင်ရွက်ရမည်မှာ အဆိုလွှာ Proposal ဖြင့် အဆိုပြုရမည် ဖြစ်ပါတယ်။ အဆိုလွှာသည် အာမခံစာချုပ်တစ်ခု ပြုလုပ်နိုင်ရန်အတွက် အခြေခံကျသော စာရွက်စာတမ်းတစ်ခု ဖြစ်ပါတယ်။ အဆိုလွှာထဲတွင် အာမခံထားမည့် အရာဝတ္ထု Subject Matter of Insurance နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖြည့်စွက်ရန်အတွက် မေးခွန်းများ၊ ဖော်ပြချက်များ ပါရှိပါတယ်။ အဆိုပါမေးခွန်းများ၊ ဖော်ပြချက်များကို Material Information များဟု ခေါ်ဆိုထားသလို အာမခံထားမည့် ပစ္စည်းနှင့် သက်ဆိုင်သော Risk Factor များကို မေးမြန်း ဖော်ပြခိုင်းထားခြင်းလည်း ဖြစ်ပါတယ်။

> အာမခံတစ်ခုကို ဝယ်ယူရာတွင် အရေးအကြီးဆုံးနှင့် ပထမဦးစွာဆောင်ရွက်ရမည်မှာ အဆိုလွှာ **Proposal** ဖြင့် အဆိုပြုရမည် ဖြစ်တယ်။ အဆိုလွှာသည် အာမခံစာချုပ်တစ်ခု ပြုလုပ်နိုင်ရန်အတွက် အခြေခံကျသော စာရွက်စာတမ်းတစ်ခု ဖြစ်ပါတယ်......

Material Facts မှာ ထိုအာမခံကို လက်ခံသင့်၊ လက်မခံသင့် ချိန်ဆရန် လိုအပ်သည့် အချက်များဟုလည်း ခေါ်ဆိုပါတယ်။ အဆိုလွှာ Proposal ကို ဖြည့်စွက်ရာတွင် အဓိကလိုက်နာရမည့် အချက်မှာ အာမခံထားလိုသူသည် အဆိုလွှာပါ အချက်အလက်များကို အမှန်အတိုင်း ထုတ်ဖော်ပြောကြားရန် Duty to Disclose တာဝန်ရှိပါတယ်။

အဆိုပါ Material Information များအား Represent ပြုလုပ်ရာတွင် အမှန်အတိုင်း ထုတ်ဖော်ပြောကြားခြင်း မပြုဘဲ တစ်လွဲပြောဆိုခြင်း Misrepresentation၊ ထိန်ချန်ခြင်း Non-Disclosure၊ လိမ်ညာခြင်း Fraud တစ်ခုခု ပြုလုပ်၍ ဖြေကြားခဲ့လျှင် အာမခံ အခြေခံသဘောတရားများ Insurance Basic Principle မှ အစွမ်းကုန် ရိုးသားမှု Utmost Good Faith ဟူသော Principles ကို ချိုးဖောက်ခြင်း ဖြစ်ပါတယ်။ အာမခံလက်ခံရန် စဉ်းစားစဉ်ကာလ ဖြစ်ပြီး Accept ဖြစ်သည်ဟု သတ်မှတ်၍ ပေါ်လစီထုတ်ပေးပြီး နောင်တစ်ချိန်တွင် ၄င်းချိုးဖောက်ခြင်း ပေါ်ပေါက်ခဲ့လျှင် စာချုပ်စည်းကမ်းကို ဖောက်ဖျက်သည် Breach of Contract ဖြစ်သည်ဟု ယူဆနိုင်ပါတယ်။ စာချုပ်သည် အလိုအလျောက် ပျက်ပြယ်ပြီး Void ဖြစ်နိုင်သလို လျော်ကြေးပေါ်ပေါက်ချိန်မှ သိရှိခဲ့လျှင် အာမခံလျော်ကြေး Claim Payment ကို ငြင်းပယ်နိုင်ပါတယ်။ စာချုပ်စည်းကမ်း ဖောက်ဖျက်မှုကြောင့် အကျိုးခံစားခွင့် ပျက်ပြယ်ခြင်း ဖြစ်ပါတယ်။

> အကြောင်းကြားစာတွင် လက်ခံသည့် **Risk** ၏ အမည်၊ လက်ခံသည့် ပမာဏ (အာမခံထားငွေ) ပေးမည့် အကာအကွယ် အာမခံကြေးတို့ကို ဖော်ပြထားပြီး အာမခံကြေး စတင်ပေးသွင်းသည့် နေ့ရက်နှင့် အချိန်မှစ၍ အာမခံသက်တမ်း စတင်ပြီး အကာအကွယ် စတင်ရရှိမည် ဖြစ်ပါတယ်......



အကယ်၍ တင်သွင်းလာသည့် အဆိုလွှာအား စိစစ်ခြင်း Underwriting ပြုလုပ်၍ နှုန်းထား Rating သတ်မှတ်ခြင်း၊ ပေါ်လစီအခွင့်အရေးနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်းများ ပြုလုပ်၍ လက်ခံမည့် Accept ပြုလုပ်မယ်။ ငြင်းပယ်မည် Reject or Decline ဆိုလျှင် အကြောင်းကြားစာ ထုတ်ပေးရပါမယ်။ Accept ပြုလုပ်လျှင် Acceptance Letter ဖြင့် အကြောင်းကြားရမည် ဖြစ်ပြီး အဆိုပါအကြောင်းကြားစာတွင် လက်ခံသည့် Risk ၏ အမည်၊ လက်ခံသည့် ပမာဏ (အာမခံထားငွေ) ပေးမည့် အကာအကွယ်၊ အာမခံကြေးတို့ကို ဖော်ပြထားပြီး အာမခံကြေး စတင်ပေးသွင်းသည့် နေ့ရက်နှင့်အချိန်မှစ၍ အာမခံသက်တမ်းစတင်ပြီး အကာအကွယ် စတင်ရရှိမည် ဖြစ်ပါတယ်။

ဒါကြောင့်မို့ Insurance အာမခံတစ်ခုမှာ ကနဦး အစဖြစ်သော်ငြားလည်း အဆိုလွှာ Proposal ဆိုသည်မှာ အလွန်အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ဒီလအတွက် ဗဟုသုတအဖြစ် မျှဝေပေးလိုက်ပါတယ်။ နောက်လများတွင်လည်း အာမခံနှင့် သက်ဆိုင်သော ဗဟုသုတများကို ဆက်လက်မျှဝေသွားမှာဖြစ်လို့ ဆက်လက် ဖတ်ရှုပေးကြပါရန် တိုက်တွန်းအပ်ပါတယ်ရှင့်။

# ရောဝတီစင်တာတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်များ၊ သူနာပြုများနှင့် Volunteer များအတွက် AYA SOMPO Insurance နှင့် AIA Myanmar တို့မှ ကျန်းမာရေးအာမခံ ပေးအပ်လှူဒါန်းခြင်း





COVID -19 ကို စိုးရိမ်နေကြသည့် အချိန်ကာလမှာ မိမိတို့ရဲ့ အသက်နဲ့ ကျန်းမာရေးကို မငဲ့ကွက်ပဲ မေတ္တာတရားကြီးမားစွာဖြင့် စွန့်လွှတ်အနစ်နာခံကာ ပြည်သူများအား မေတ္တာ, စေတနာအပြည့်ဖြင့် ဆေးကုသမှုပေးနေကြသည့် ဆရာဝန်များ၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်း Volunteer များအား လေးစားဂုဏ်ပြုသည့် အနေဖြင့် AYA SOMPO အာမခံနှင့် AIA Myanmar တို့မှ ပူးပေါင်း၍ ကျန်းမာရေးအာမခံ ပေးအပ်လှူဒါန်းခဲ့ပါတယ်။





## AYA SOMPO အာမခံ နှင့် Ar Yu - အာယု International Hospital တို့ လက်တွဲ ပူးပေါင်း မိတ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း

မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာအဆင့်မြင့် ဆေးရုံကြီးတစ်ရုံဖြစ်သည့် Ar Yu - အာယု International Hospital နှင့် မြန်မာနိုင်ငံတွင် အောင်မြင် ထင်ရှားပြီး ရှေ့ဆုံးမှ ဦးဆောင်လျက်ရှိသည့် အာမခံကုမ္ပဏီကြီးဖြစ်သည့် AYA SOMPO Insurance တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး ပြည်တွင်းရှိမြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ အားလုံးအတွက် ၂၀၂၀ခုနှစ်၊ အောက်တိုဘာလ၊ (၁)ရက်နေ့တွင် လက်တွဲပူးပေါင်း မိတ်ဖက် သဘောတူညီချက်ကို ဒီဂျစ်တယ် ပလက်ဖောင်းမှ တစ်ဆင့် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

## AYA SOMPO အာမခံ နှင့် Pun Hlaing Hospitals တို့ လက်တွဲ ပူးပေါင်း မိတ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ၊ (၅) ရက်နေ့တွင် AYA SOMPO အာမခံနှင့် Pun Hlaing Hospitals တို့လက်တွဲ ပူးပေါင်း မိတ်ဖက်သဘောတူညီချက်ကို ဒီဂျစ်တယ်ပလက်ဖောင်းမှတစ်ဆင့် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံတကာဆင့်မှီ ကျန်းမာရေးဝန်ဆောင်မှုများအား AYA SOMPO အာမခံ ကိုင်ဆောင်သူများအတွက် အထူးဈေးနှုန်းများ၊ အခမဲ့ ဝန်ဆောင်မှုများ၊ ပိုမိုကောင်းမွန်တဲ့ ဆန်းသစ်မှုများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## AYA SOMPO Insurance x Wall Street English Myanmar

AYA SOMPO Insurance နှင့် Wall Street English Myanmar တို့သည် Learning and Development Partnership Signing အဖြစ် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူညီမှုလက်မှတ်ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ရေးထိုးခဲ့ပါသည်။ AYA SOMPO အာမခံအနေဖြင့် အာမခံဝန်ဆောင်မှုများ ပေးရုံမျှသာမက မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများတွက်တက်ကြွစွာပါဝင်ခြင်းနှင့်အတူ Wall Street English နှင့် ပူးပေါင်း၍ ဝန်ထမ်းများအတွက် Learning and Development Program များ လုပ်ဆောင်ခြင်း၊ သင်တန်းတက်ရောက်ခြင်းများအတွက် Special Discount များ ထားရှိခြင်းတို့ကို ခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။

## AYA SOMPO Insurance x Telenor Myanmar

Telenor Myanmar နှင့် AYA SOMPO အာမခံတို့ ပူးပေါင်းပြီး Telenor Zay မှတစ်ဆင့် မိတ်ဆွေတို့ရဲ့ အဖိုးတန် မော်တော်ယာဉ်ကို ကာကွယ်ပေးမယ့် AYA SOMPO အလုံးစုံ မော်တော်ယာဉ်အာမခံကို ဝယ်ယူရရှိနိုင်ပါပြီ။ အပြင်ထွက်စရာ မလိုပဲ အာမခံအကာအကွယ် ရယူနိုင်မှာဖြစ်တဲ့အပြင် မေတ္တာလက်ဆောင်တွေကိုလည်း ရရှိနိုင်မှာမလို့ Telenor Zay ကနေ တဆင့် အလုံးစုံမော်တော်ယာဉ်အာမခံဝန်ဆောင်မှုကို ရယူနိုင်ပြီ ဖြစ်ပါတယ်။

# AYA SOMPO Insurance နှင့် MPT တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ဒီဂျစ်တယ်အာမခံဝန်ဆောင်မှု "MPT U-Life Digital Insurance" ကို မိတ်ဆက်ခြင်း




AYA SOMPO အာမခံနှင့် MPT တို့ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော ဒီဂျစ်တယ် အာမခံဝန်ဆောင်မှု "သက်တော်စောင့်" (Thet Taw Saunt) အမည်ရှိ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ ဝန်ဆောင်မှုကို "MPT U-Life Digital Insurance" မှတဆင့် မကြာခင် ဝယ်ယူနိုင်တော့မှာ ဖြစ်ပါတယ်။




AYA SOMPO အာမခံနှင့် MPT တို့ ပူးပေါင်း၍ "သက်တော်စောင့်" (Thet Taw Saunt) ကိုယ်အင်္ဂါထိခိုက်မှုအာမခံကို MPT ဆင်းမ်ကတ် အသုံးပြုသူများ အနေဖြင့် အောက်တိုဘာ လကုန်မှ စတင်၍ ဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်။ အာမခံထားရှိသူသည် ဝယ်ယူထားသောဝန်ဆောင်မှု အလိုက် ၅၀၀,၀၀၀ ကျပ်မှ စတင်၍ အများဆုံး ကျပ်သိန်း ၁၀၀ အထိ အကျိုးခံစားခွင့် ရရှိမှာ ဖြစ်ပါတယ်။

"သက်တော်စောင့်" ကိုယ်အင်္ဂါထိခိုက်မှု အာမခံကို အသက် (၁၆) နှစ် မှ (၆၀) နှစ်ကြားရှိ MPT သုံးစွဲသူများ အနေဖြင့် ဝယ်ယူနိုင်မှာဖြစ်ပြီး အသက် (၁၆) နှစ်မှ (၁၈) နှစ်ကြားကလေးများ၏အာမခံဝန်ဆောင်မှုအတွက် မိဘ (သို့မဟုတ်) အုပ်ထိန်းသူများမှ တစ်ဆင့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

"သက်တော်စောင့်" ကိုယ်အင်္ဂါထိခိုက်မှုအာမခံ ဝန်ဆောင်မှုအား MPT4U Application၊ MPT Website နှင့် http://bit.ly/U-life-MM တို့မှ တစ်ဆင့် အလွယ်တကူ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

**Question :** ကျန်းမာရေးအာမခံထားမယ်ဆိုရင် ဘာတွေ လိုအပ်ပါသလဲ။

**Answer :** **အာမခံထားမည့်သူ၏ မှတ်ပုံတင်၊ Proposal, Checklist** တို့ လိုအပ်ပါတယ်။ အသက် (၆) နှစ်မှ စတင်၍ (၇၅)နှစ်အထိ အာမခံထားနိုင်ပါတယ်။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်း အာမခံထားမည့်သူများအနေဖြင့် မိဘအုပ်ထိန်းသူမှ ထားရှိနိုင်ပါတယ်။ Additional Cover အနေဖြင့် Critical Illness Insurance (ပြင်းထန်ရောဂါ ကုသမှုအာမခံ) အား ဝယ်ယူမည်ဆိုပါက (၄) ယူနှစ်အထက် ဝယ်ယူသူများ (သို့) အသက် (၅၀) အထက် အာမခံထားသူများအနေဖြင့် Medical Check-up လုပ်ရန် လိုအပ်ပါတယ်။

**Question :** ကျန်းမာရေးအာမခံမှာ ပေါ်လစီထွက်ရန် အချိန်ဘယ်လောက်ကြာပါသလဲ။

**Answer :** လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံပြီးနောက် (၁) နာရီအတွင်း ပေါ်လစီရပါတယ်။

**Question :** ကျန်းမာရေးအာမခံတွင် ဘယ်အချိန်မှ စတင်ပြီး ပေါ်လစီအကျုံးဝင်သလဲ။

**Answer :** ပရီမီယံကြေး စတင်ပေးသွင်းသည့် အချိန်မှစတင်၍ အာမခံအကာအကွယ် စတင်အကျုံးဝင်ပါတယ်။ အာမခံကာလ၏ တစ်နှစ်ပြည့်မြောက်သည့်ည (၁၂) နာရီတွင်သက်တမ်း ကုန်ဆုံးပါတယ်။

**Question :** ကျန်းမာရေးအာမခံ ဝယ်ယူထားရင် ၁နှစ်အတွင်း လျော်ကြေးဘယ်နှစ်ကြိမ် တောင်းခွင့်ရှိပါသလဲ။ လျော်ကြေးတောင်းခံခြင်း မရှိသောသူများအတွက်လည်း ဘယ်လိုမျိုး လုပ်ဆောင်ပေးပါသလဲ။

**Answer :** ဝယ်ယူထားသောအာမခံ Package အရသတ်မှတ်ထားသောလျော်ကြေးပမာဏအထိလျော်ကြေးတောင်းခံခွင့်ရှိပါတယ်။ ပေါ်လစီသက်တမ်းမှာ တစ်နှစ်ဖြစ်ပြီး လျော်ကြေးမတောင်းသူများအနေနဲ့ အခြားခံစားခွင့်မရှိပါ။

## Q&A

# HEALTH INSURANCE

